# Game ကစားဖို့ သင့်တော်တဲ့ desktop PC ရွေးချယ်ခြင်း




**ဈေးနှုန်းတွေလျှော့ချတဲ့ အားလပ်ရက်အချိန်အခါနဲ့ နီးကပ်လာပြီဖြစ်တာကြောင့် ကိုယ့်ရဲ့ computer ကို အဆင့်မြှင့်တင်ဖို့ စဉ်းစားသင့်တဲ့အချိန်ပါပဲ။ ကိုယ်က အသစ်ထွက် PC game တွေကို မဆော့ရဘဲ ကျန်မနေချင်ဘူးမဟုတ်လား။ ကံကောင်းစွာပဲ gamer တွေအတွက် စိတ်ဝင်စားစရာရွေးချယ်နိုင်စရာတွေက desktop PC တွေမှာ ရှိနေပါတယ်။**

အခုဖော်ပြပေးသွားမှာက နောက်ဆုံးအကောင်းဆုံး hardware တွေသုံးပြီး ကုန်ကျငွေပမာဏအမျိုးမျိုးအတွက် ဥပမာပေး တပ်ဆင်ထားတဲ့ PC တွေပါပဲ။

## အခြေခံဆိုတာထက် အနည်းငယ်ပိုတယ်

အခု အနိမ့်ဆုံးကနေ စပါမယ်။ အဲဒါကတော့ budget PC ရဲ့ ပုံစံခွက်ထဲကနေ ထိုးဖောက်ထွက်လာတဲ့ budget desktop Micro Express MicroFlex 23B *(find.pcworld.com/72068)* ပါပဲ။ အဲဒါက ဒေါ်လာ ၆၀၀ ပဲ ပေးရပေမယ့် gaming အတွက်ရော ပုံမှန် computing လုပ်ဆောင်ချက်တွေအတွက်ပါ အများကြီးပေးစွမ်းနိုင်ပါတယ်။ Spec တွေက အထင်ကြီးစရာ မကောင်းပါဘူး။ ဒါပေမဲ့ အလုပ်ကိုတော့ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။ အထဲမှာ Intel core i3-2120 processor ၊ 4GB RAM နဲ့ 500 GB hard drive ပါရှိပါတယ်။ MicroFlex 23B က WorldBench 6 testing suite မှာ ၁၄၁ မှတ် ရထားတာမို့ လက်ရှိ budget desktop တွေ ထိပ်ဆုံးကို ရောက်ရှိသွားပါတယ်။ *(find. pcworld.com/70016)*

MicroFlex 23B ရဲ့ AMD Radeon HD 6670 graphic card က ဈေးနှုန်းကြီးမြင့်ပေမယ့် အားထားရတဲ့ အစိတ်အပိုင်းပါပဲ။ ဒါက unreal tournament 3 tests မှာ 2560×1600 resolution နဲ့ setting အမြင့်ဆုံးတွေမှာ တစ်စက္ကန့်ကို 42.6 frame နှုန်း ရရှိခဲ့ပါတယ်။ ဒါတွေက ကြီးမားတဲ့ လက်မ ၃၀ monitor တစ်လုံးပေါ်မှာတော့ အကောင်းဆုံးရနိုင်တဲ့ setting တွေပဲ ဖြစ်ပါတယ်။

ကိုယ်က high-end game တွေအတွက်တော့ setting တွေကို လျှော့ချပေးဖို့လိုမှာပါ။ ဒါပေမဲ့ တောင်းဆိုမှုတွေက

ပုံမှန်အတိုင်း ပဲဆိုရင် MicroFlex 23B က ကောင်းကောင်း လုပ်ဆောင်ပေးနိုင်ပါတယ်။ PC မှာ bluray drive တစ်ခုလည်း ပါဝင်ပါတယ်။ ဒါက budget desktop ဈေးကွက်မှာ ပါလေ့ပါထရှိတဲ့ အပိုင်းမဟုတ်ပါဘူး။

တကယ်လို့ ကိုယ်က ဟိုဟိုဒီဒီအလွယ်တကူ သယ်သွားလို့ရမယ့် gaming PC လိုချင်တယ်ဆိုရင်တော့ V3 Move 3DS *(find.pcworld.com/71644)* ကို ကြည့်ကြည့်ပါ။ တန်ဖိုး ၁,၀၉၉ ဒေါ်လာရှိပြီး ( 7 by 9 by 11 inches အရွယ်အစားပဲရှိတဲ့) ဒီသေးငယ်တဲ့ computer လေးက ကောင်းမွန်တဲ့ gaming performance တွေကို ထည့်သွင်းပေးထားပါတယ်။ အထဲမှာတော့ ဒီလိုသေးငယ်တဲ့ စနစ်တစ်ခု ထဲမှာ အရင်က တွေ့မြင်နိုင်မှာမဟုတ်တဲ့ feature တွေကို အပြည့်ထည့်ပေးထားတာ ဖြစ်ပါတယ်။



The Micro Express MicroFlex 23B က unreal Tournament 3 စမ်းသပ်မှုတွေမှာ budget PC တွေရဲ့ ဘောင်ကို ကျော်ပြီး လုပ်ဆောင်နိုင်ခဲ့ပါတယ်

ကုမ္ပဏီက Intel core i3 S40 processor ကို 3.82GHz အထိ overclock လုပ်ထားပါတယ်။ ဒါပေမဲ့ အရည်အသွေးပေး စနစ်က အပူချိန်နဲ့ ဆူညံမှုကို ထိန်းထားပေးပါတယ်။ ပြီးတော့ DDR 3 4GB RAM ကိုလည်း 1600 MHz ကနေ 1600 MHz ကို overclock လုပ်ထားတာ တွေ့ရပါမယ်။ 1TB နဲ့အထက် drive တွေကိုပဲ တွေ့နေကျဆိုတော့ 500 GB hard drive က နည်းတယ်လို့ ခံစားမိမှာပါ။ ဒါပေမဲ့ Move 3DS က 7200rpm laptop drive ဖြစ်လို့ လျင်မြန်သေးငယ်ပြီး တိတ်ဆိတ်မှုရှိပါတယ်။

Move 3DS ကို game ဆော့ဖို့ တည်ဆောက်ထားတာပါ။ တကယ်လည်း ကောင်းမွန်ပါတယ်။ သူက unreal Tournament 3 benchmark မှာ အမြင့်ဆုံး setting နဲ့ 2560×1600 resolution ထားပြီး စမ်းသပ်တဲ့အခါ စနစ်ရဲ့ Nvidia geforce 4606TX graphic card က တစ်စက္ကန့်ကို 86.2 frame နှုန်း လုပ်ဆောင်ပေးနိုင်ပါတယ်။ Dirt 2 စမ်းသပ်မှုကတော့ တစ်စက္ကန့်ကို 54.8 frame နှုန်းရရှိခဲ့ပါတယ်။



Maingear ရဲ့ သေးငယ်ကျစ်လျစ်တဲ့ Vybe Super Stock က Call of Duty ကို အဆင်ပြေပြေကိုင်တွယ်နိုင်ခဲ့ပါတယ်

နောက်ထပ် စနစ်တစ်ခုကို ကြည့်ကြပါမယ်။ ဒါက ပိုက်ဆံကုန်မှာကို သိပ်ဂရုမထားတဲ့ gamer တွေကြားမှာ ရေပန်းစားနေတဲ့ desktop အမျိုးအစားပါပဲ။ ၁,၈၄၉ ဒေါ်လာ တန်ဖိုးရှိတဲ့ Maingear Vybe Super Stock *(find.pcworld.com/71642)* က core i5 2500K processor တပ်ဆင်ထားပြီး 4.8 GHz အထိ overclock လုပ်ထားပါတယ်။ 8 GB

RAM ပါရှိပြီး 60 GB solid-state drive အပြင် 1TB storage drive လည်းထည့်သွင်းပေးထားတာမို့ WoldBench 6 benchmark suite မှာ Vybe Super Stock က ၂၀၇ မှတ်ရတယ်ဆိုတာ အံ့ဩစရာမဟုတ်ပါဘူး။

Gaming performance တွေက Nvidia geforce GTX 570 graphic card ရဲ့ ကျေးဇူးကြောင့် ကောင်းမွန်လှပါတယ်။ Call of duty benchmark မှာ တစ်စက္ကန့်ကို 79 frame နှုန်း လုပ်ဆောင်နိုင်လို့ ဒီလိုကြီးမားတဲ့ ၃၀ လက်မ monitor တစ်လုံးပေါ်က အမြင့်ဆုံး setting ဖြစ်နိုင်ပါတယ်။ Maingear ရဲ့ Vybe Super Stock ရဲ့ case က အတော်အသင့်သေးငယ်တယ်ဆိုပေမယ့် နောက်ပိုင်း ကိုယ် graphic နောက်တစ် card ထပ်ထည့်မယ်ဆိုရင် ထည့်နိုင်အောင် နေရာလွတ်တွေ ချန်ထားပေးပါတယ်။

အခု Micro express က နောက်စနစ်တစ်ခုကို ကြည့်ကြပါမယ်။ အဲဒါကတော့ ဒေါ်လာ ၈၄၉ တန် MicroFlex 25B *(find.pcworld.com/71643)* ပဲ ဖြစ်ပါတယ်။ ဒါက 3.3GHz Intel core i5 2500K processor ကို 41 GHz အထိ overclock လုပ်ထားပါတယ်။ ပြီးတော့ DDR 3 1600 4GB RAM နဲ့ အားဖြည့်ပေးထားပါတယ်။ သူက WoldBench 6 suite စမ်းသပ်မှုမှာ ကောင်းမွန်တဲ့ ရမှတ် ၁၈၈ မှတ် ရရှိခဲ့ပါတယ်။

MicroFlex 25B က ကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေကို အရမ်းကို နည်းပါးတဲ့ဈေးနှုန်းနဲ့ ပေးထားပေမယ့် အကုန်လုံးကောင်းမွန်နေတာတော့ မဟုတ်ပါဘူး။ PC ရဲ့ စုစုပေါင်း storage က Western Digital Velociraptor drive 300 GB ပဲ ရှိပါတယ်။ ဒါကြောင့် ကိုယ့်မှာ game တွေ၊ app တွေကို အသင့်အသုံးချကစားနိုင်တဲ့ စက်ရှိပေမယ့် အဲဒီ game တွေ၊ app တွေကို အများအပြား ထည့်သွင်းနိုင်မှာ မဟုတ်ပါဘူး။

ဆိုရရင်တော့ MicroFlex 25B က ကိုယ်စမ်းသပ်ကစားချင်တဲ့ ခေတ်သစ် game တွေကို ကစားနိုင်အောင် လုပ်ဆောင်ပေးထားပါတယ်။ AMD Radeon HD 6870 graphic card တပ်ဆင်ပေးထားလို့ unreal Tournament 3 benchmark မှာ (အမြင့်ဆုံး setting ၊ 2560×1200 resolution) တစ်စက္ကန့်ကို 112.5 frame နှုန်း ဆောင်ရွက်ပေးနိုင်ပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့လုပ်ဆောင်ချက်တွေထက် ပိုမိုလိုအပ်တဲ့ gamer တွေကတော့ ဒီ performance desktop ကဏ္ဍရဲ့ ထိပ်ပိုင်း PC တွေမှာ ကြည့်သင့်ပါတယ်။

Origin Genesis *(find.pcworld.com/71506)* ကို ကြည့်ပါ။ ဒေါ်လာ ၆,၄၀၀ တန် PC က ကိုယ့်ကို ဘာတွေပေးစွမ်းနိုင်မှာလဲ။ အဲဒါကတော့ ပြီးခဲ့တဲ့ ၈ လအတွင်းမှာ မြင်ခဲ့ဖူးသမျှထဲက အကောင်းဆုံး လုပ်ဆောင်နိုင်စွမ်းပါပဲ။ Origin က အကောင်းဆုံးတွေကိုပဲ ယူထားပါတယ်။ Core i7 2600k processor ကို 5 GHz အထိ overclock လုပ်ထားပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ အရည်အအေးပေးစနစ်ကြောင့် တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ အဲဒီအပြင် 16 GB RAM ထည့်ပေးထားပြီး 128 GB solid-state drive တစ်စုံကို RAID 0 ပုံစံနဲ့ တပ်ဆင်ပေးထားတဲ့အပြင် 2TB storage ထည့်ပေးထားပါတယ်။ Graphic အနေနဲ့တော့ Nvidia geforce GTX 580 graphic card ၃ ခု တပ်ဆင် ပေးထားပါတယ်။

အဲဒါကြောင့်လည်း Genesis က WorldBench 6 ရမှတ် ၂၃၃ ကို ရရှိခဲ့သလို graphic တောင်းဆိုမှုမြင့်မားလှတဲ့ S.T.A.L.K.E.R: Call of Pripyal မှာ တစ်စက္ကန့်ကို 101 frame နှုန်း လုပ်ဆောင်ပေးနိုင်ခဲ့တာပါပဲ။




Core i7-2600 K CPU ကို 5 GHz အထိ overclock လုပ်ထားတဲ့ V3 Convoy က unreal Tournament 3 စမ်းသပ်မှုကို ဖြတ်သန်းခဲ့ပါတယ်

ALienware က ကျွမ်းကျင်သူတွေက ကောင်းမွန်မြင့်မားတဲ့ hardware ပစ္စည်းတွေနဲ့ စိမ်းတဲ့သူတွေ မဟုတ်ကြပါဘူး။ သူတို့က မီးတွေနဲ့ စိတ်ကြိုက်အလှဆင်နိုင်တဲ့ ဒေါ်လာ ၂,၆၀၀ တန် ALienware Aurora *(find.pcworld.com/72070)* ကို စမ်းသပ်ဖို့ ပေးအပ်ခဲ့ပါတယ်။

ချောမွေ့နေတဲ့ ထောင့်စွန်းတွေ၊ တောက်ပတဲ့ exhaust port တွေနဲ့ စိတ်ကြိုက် အလှဆင်နိုင်တဲ့ LED panel တွေက Aurora ကို အသွင်ဆန်း ကြည့်ကောင်းစေ ပါတယ်။ Aurora က 3.4GHz core i7-2600 processor ၊ 4 GB DDR 3 RAM နဲ့ 2TB hard drive တို့ကို တပ်ဆင်ထားပါတယ်။ ပိုမိုလျင်မြန်တဲ့ SSD drive တွေ ပိုမိုများပြားတဲ့ RAM တွေကို ဒီဈေးနှုန်းနဲ့ပဲရ နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်နှစ်သက်မယ်ဆိုရင်တော့ ALienware မှာ စိတ်ကြိုက်ရွေးချယ်နိုင်စရာတွေ အများအပြား ထည့်သွင်းပေးထားပါတယ်။

CrossFire ပုံစံနဲ့ run နေတဲ့ AMD Radeon HD 6950 graphic card ၂ ခုကို 875W power supply ဘေးမှာ တပ်ဆင်ထားပါတယ်။ ALieware က size ပြည့် graphic card ၂ ခုကို အလတ်စား tower မှာ အံဝင်ခွင်ကျထည့်သွင်းထားနိုင်ပါတယ်။ RAM နည်းပေမယ့် unreal Tournament 3 ကို 2560×1600 resolution မှာ တစ်စက္ကန့်ကို 183 frame နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

V3 Convoy *(find.pcworld.com/71862)* က ဒေါ်လာ ၂,၅၀၀ နဲ့ လုပ်ဆောင်နိုင်စွမ်းကောင်းမွန်တဲ့ desktop ကို ပေးထားပါတယ်။ သူ့မှာ Origin ရဲ့ စက်လောက် feature တွေ မပါပေမယ့် နောက်ဆုံးထွက် game တွေကို ဆော့ကစားနိုင်စေပါတယ်။ Convoy က core i72600K ကို 5GHz အထိ overclock လုပ်ထားပါတယ်။ ပြီးတော့ နည်းပါးတဲ့ 4 GB RAM နဲ့ 64 GB SSD တစ်စုံကို RAID O ပုံစံ တပ်ဆင်ပေးထားသလို 2TB drive ကိုလည်း storage အတွက် ထပ်ဆင်ပေးထားပါတယ်။ ရလဒ်တွေကတော့ ကောင်းမွန်ပါတယ်။ WorldBench 6 suite မှာ ၂၀၄ မှတ်ရပြီး unreal Tournament 3 benchmark မှာတော့ တစ်စက္ကန့်ကို 224 frame နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

Digital storm က စွမ်းအားမြင့်ကောင်းမွန်တဲ့စက်တွေကို အရင်က ထုတ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ Digital Storm ODE *(find.pcwold.com/72187)* က အဲဒီအရင်က စက်တွေထဲမှာ best buy ဖြစ်နိုင်ပါတယ်။ ရှန်းစိုတောက်ပတဲ့ အဖြူရောင်ရှိပြီး အနားစွန်းခပ်ဝိုင်းဝိုင်းပုံစံ case ပါရှိတဲ့ ODE ကို performance PC တွေကို စိတ်ဝင်စားသူတွေအတွက် အမှန်တကယ် သက်သာတဲ့ဈေးနှုန်းဖြစ်တဲ့ ဒေါ်လာ ၁,၄၉၉ နဲ့ ရရှိနိုင်ပါတယ်။

ODE မှာ 3.4 GHz core i7 2600K processor တပ်ဆင်ပေးထားပါတယ်။ ဒါက ကိုယ်ကိုယ်တိုင် overclock လုပ်ယူနိုင်ပါတယ်။ ပြီးတော့ DDR 3 1600 RAM 8GB ထည့်သွင်းထားသလို နောက်ထပ် 1TB hard drive နဲ့ speed အတွက် 80 GB SSD ကို ထည့်သွင်းပေးထားပါတယ်။ အဲဒါတွေအပြင် ကိုယ်လိုအပ်တာတွေထည့်နိုင်ဖို့ drive bay ၄ ခု လွတ်နေပါသေးတယ်။

စွမ်းဆောင်ရည်မြင့်မြင့်တွေကို လုပ်ဆောင်နိုင်ဖို့ ကောင်းမွန်တဲ့ power လိုအပ်ပါတယ်။ Digital storm မှာ Corsair 800W power supply တပ်ဆင်ပေးထားပါတယ်။ WorldBench 6 suite မှာ ODE က ၁၉၈ မှတ် ရရှိပါတယ်။ ဒီဈေးနှုန်းနဲ့ ရရှိနိုင်တဲ့ system တစ်ခုအတွက်တော့ ဒါက အံ့သြစရာ ရမှတ်ပါပဲ။



Far Cry 2 benchmark မှာ စိတ်ဝင်စားစရာဈေးနှုန်းရှိတဲ့ Digital Storm ODE က အံ့သြစရာ ရလဒ်တွေ ရရှိခဲ့ပါတယ်

ODE က Far Cry 2 graphic benchmark မှာ (2560×1600 resolution နဲ့ အမြင့်ဆုံး setting မှာ) တစ်စက္ကန့်ကို 103 frame နှုန်းရရှိထားပါတယ်။ ဒီရလဒ်က SLT အသွင်နဲ့ run နေတဲ့ Nvidia geforce GTX 560 Ti graphic card တစ်စုံကြောင့်ရရှိတာပါပဲ။ ■

# အကောင်းဆုံး PC game ၂၀ ခု



World of Tanks



Alien Swarm

PC တွေက multiplayer title game တွေကနေ first person shooter game တွေအထိ game အမျိုးအပြားကို ဆော့နိုင်ပါတယ်။ အခုဖော်ပြပေးမယ့် game တွေကတော့ ကိုယ့်ရဲ့ hard drive မှာ နေရာပေးဖို့ ထိုက်တန်တဲ့ game တွေပါပဲ။

## Alien Swarm

ဒီ Alien Swarm game မှာတော့ ကိုယ်က တခြားသူ ၃ ဦးအထိ လက်တွဲပြီးတော့ ကျူးကျော်နယ်ချဲ့နေတဲ့ ဂြိုဟ်သားတွေကိုရှင်းပစ်ပြီး လူသားတွေကို ကယ်တင်ရမှာ ဖြစ်ပါတယ်။ စိတ်ကြိုက်လက်နက်တွေနဲ့ အရာတော်တော်များများပါဝင်တဲ့ Alien Swarm ဟာဆိုရင် PC အဟောင်းတွေပေါ်မှာပါ ဆော့နိုင်တဲ့ old-school arcade game တစ်ခုပါပဲ။ ကိုယ်က မိတ်ဆွေတွေနဲ့ လက်တွဲပြီး ဂြိုဟ်သားတွေကို ရှင်းပစ်ရမှာ စိတ်ဝင်စားတယ်ဆိုရင် ဒီ game ကိုမဆော့ဖို့ အကြောင်းပြချက်မရှိတော့ပါဘူး။

## Amnesia : The Dark Descent

သရဲခြောက်တဲ့အိမ်ကြီးမှာ ဓာတ်လမ်းဆင်ထားတဲ့ Amnesia (ဒေါ်လာ ၂၀) ဟာဆိုရင် ရှာဖွေစူးစမ်းမှုတွေကို အသားပေးထားတဲ့ တစ်ဦးချင်းဆော့ကစားနိုင်တဲ့ စွန့်စားခန်း game မျိုးပါပဲ။ အသက်ရှင်သန်နေပြီး ကိုယ့်ရဲ့ အခြေအနေကို ထိန်းချုပ်ထားနိုင်တာက ဒီ game ရဲ့ ရည်ရွယ်ချက်ပါပဲ။ Game မှာ ကိုယ်က ပဟေဠိတွေကို ဖြေရှင်းပေးရသလို ရန်သူတွေနဲ့ ပက်ပင်းမတိုးအောင် တိတ်တဆိတ်သွားလာရမှာလည်း ဖြစ်ပါတယ်။ ကိုယ်က ရန်သူကြီးတွေနဲ့ပြည့်နေတဲ့ အိမ်ထဲမှာ အကာအကွယ်မဲ့ ဆော့ကစားနေရမှာပါ။ သွေးသံအလိမ်းလိမ်းနဲ့ ပီပြင်တဲ့ graphic တွေနဲ့ သဘာဝသံတွေကြောင့် ကြောက်စရာရသကို ဖြည့်ဆည်းပေးနိုင်တဲ့ game တစ်ခုပဲ ဖြစ်ပါတယ်။

## Assassin's Creed : Brotherhood

တတိယမြောက် Assassin ရဲ့ Creed game brotherhood (ဒေါ်လာ ၄၀) ဟာဆိုရင် ရောမ အခြေစိုက်ထားပါတယ်။ သူ့ရဲ့ game series ထဲမှာတော့ visual setting တွေ အနက်ရှိုင်းဆုံး၊ အကြွယ်ဝဆုံးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲဒါတွေအပြင် ဆန်းသစ်တဲ့ multiplayer mode ပါဝင်လို့ ကစားသူတွေအချင်းချင်း ယှဉ်ပြိုင်ဆော့ကစားနိုင်မှာပါ။

ကစားသူတွေက ကိုယ်ယောင်ဖျောက်ပြီး တခြားသားကောင်တွေကို လူအုပ်ကြားထဲမှာ ရှာဖွေရမှာဖြစ်ပါတယ်။ ဓာတ်လမ်းအရ လျှို့ဝှက်ခက်ခဲတဲ့ ပြဿနာတချို့ကို မဖြေရှင်းဘဲ ကျန်ရစ်ခဲ့ရင်တောင် game ဆက်လက်ကစားနိုင်သေးရင် အမှတ်ပြည့်မိနိုင်ပါတယ်။

## Batman : Arkham Asylum

The Caped Crusader က video game ဖြစ်လာခဲ့တဲ့နောက်ကြောင်းမှာ ခက်ခဲမှုတွေရှိခဲ့ပေမယ့် Arkham Asylum (ဒေါ်လာ ၂၀) က အကောင်းဆုံး Batman game ဖြစ်ရုံမကပါဘူး။ ပြီးခဲ့တဲ့ ၅ နှစ်ရဲ့ အကောင်းဆုံး game တစ်ခုလည်း ဖြစ်နေပြန်ပါတယ်။ Batman က သူ့ရဲ့ gadget နဲ့ လက်သီးကိုသုံးပြီး တိတ်တဆိတ်သွားလာကာ ရန်သူတွေကို ယှဉ်ပြိုင်ရပါမယ်။ လျင်မြန်တဲ့ တုံ့ပြန်မှုတွေအပေါ် ဖြန့်ကျက်တွေးတောရတာကို နှစ်သက်တဲ့သူတွေအတွက် Arkham Asylum ဟာဆိုရင် ပျော်ရွှင်စရာကောင်းပြီး ရင့်ကျက်မှုရှိနေတဲ့ game တစ်ခုပါပဲ။

## Battlefield : Bad Company 2

စစ်တိုက်ရတဲ့ Battlefield first-person game series တွေဟာဆိုရင် ကောင်းမွန်တဲ့ multiplayer option နဲ့ ပျော်ရွှင်စရာတွေကြောင့် လူတွေရဲ့ အသိအမှတ်ပြုခံခဲ့ရပါတယ်။ Bad Company 2 (ဒေါ်လာ ၂၀) မှာ ထူးခြားပြီး ပြောင်းလဲထားတဲ့ အခြေအနေတွေ၊ ရည်ရွယ်ချက်တွေ ပါရှိပါတယ်။ ကစားသူတွေက ကိုယ်ယောင်ဖျောက်နိုင်ဖို့ မိုးချုန်းသံနဲ့ တစ်ထပ်တည်းကျအောင် ပစ်ခတ်ရမှုတွေနဲ့ ရန်သူတွေအပေါ် အဆောက်အဦးတွေပြိုကျအောင် ဆင့်ကဲလုပ်ဆောင်နိုင်မှုတွေလိုမျိုး စိန်ခေါ်မှုတွေ၊ နည်းဗျူဟာတွေ ပါဝင်နေပါတယ်။ တပ်စု အခြေပြု online multiplayer ဆိုရင် ကောင်းမွန်လှတဲ့ အပိုထည့်သွင်းပေးထားတဲ့ feature ပဲ ဖြစ်ပါတယ်။

## Bejeweled 3

သဘောတရားက ရိုးရှင်းပေမယ့် စွဲလမ်းစရာကောင်းလှတဲ့ Bejeweled game series ဟာဆိုရင် ကြီးကြီးမားမားအောင်မြင်မှုရတဲ့ puzzle game series ပါပဲ။ ကမ္ဘာအနှံ့မှာ ၇၅ သန်းကျော်အထိ ရောင်းချပေးခဲ့ပြီး ဖြစ်ပါတယ်။ Bejeweled 3 (ဒေါ်လာ ၂၀) ကတော့ အရောင်တွဲတဲ့နည်းကို ရှုပ်ထွေးအောင်မလုပ်ထားဘဲ မတူညီတဲ့ game mode ၈ ခု ထပ်ထည့်ပေးထားပါတယ်။ Quest mode လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အသစ်ထပ်ထည့်ထားတာတွေအားလုံးကို ကောင်းမွန်တယ်လို့ ခံစားမိချင်မှ ခံစားမိမှာဖြစ်ပေမယ့် အများစုကတော့ မူလ game အတိုင်းပဲ စိတ်ကို ဖမ်းစားထားနိုင်မှာပါ။

## Borderlands

သတ္တဝါဆိုးကြီးတွေကြောင့် ပျက်စီးနေတဲ့ ကမ္ဘာပေါ်မှာ ဇာတ်လမ်းတည်ထားတဲ့ Borderlands (ဒေါ်လာ ၂၀) က action နဲ့ ဇာတ်လမ်းသွားရသာ ၂ မျိုး ပေါင်းစပ်ထားတဲ့ သိပ္ပံစိတ်ကူးယဉ် first person game ပါပဲ။ ကိုယ်က ရန်သူတွေကို ရှာဖွေရှင်းလင်းရာကရရှိတဲ့ အတွေ့အကြုံတွေပေါ်မူတည်ပြီး ကိုယ့်ရဲ့ ကျွမ်းကျင်မှုတွေက မြင့်လာမှာပါ။ ကိုယ့်စိတ်ကြိုက်ကစားပုံနဲ့ကိုက်ညီတာကို ဇာတ်ကောင် ၄ မျိုးထဲက ရွေးချယ်နိုင်သလို လက်နက်တွေနဲ့ ငွေကြေးတွေကို ကိုယ်သွားလာနေတုန်း တွေ့ရနိုင်ပါတယ်။

## Bulletstorm

ကြမ်းတမ်းတဲ့ စကားပြောတွေနဲ့ ပြင်းထန်မှုတွေကြောင့် ထင်ရှားတဲ့ Bulletstorm (ဒေါ်လာ ၂၀) ဟာဆိုရင် first-person game အမျိုးအစား ဖြစ်ပါတယ်။ ပုံမှန်အတိုင်းဖြစ်ပေမယ့် ပြင်းထန်တဲ့မြင်ကွင်းတွေနဲ့ ထူးဆန်းတဲ့ action တွေက ကိုယ့်ကို level အသစ်ဆီရောက်ရှိသွားစေမှာပါ။

Game က ကိုယ့်ရဲ့ ကျွမ်းကျင်မှုတွေပေါ် ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ကိုယ်က ရရှိတဲ့ ထူးဆန်းလက်နက်တွေကြောင့် လွယ်ကူပျော်ရွှင်မှုရမှာပဲ ဖြစ်ပါတယ်။ ဒါက ကလေးတွေအတွက် game မဟုတ်တာတော့ ကျိန်းသေပါတယ်။ Bulletstorm က ထိပ်တန်း action တွေပါရှိတဲ့ အမြင့်စား game တစ်ခုပါပဲ။

## Call of Duty : Black Ops

ခေတ်သစ်အောင်မြင်မှုရရှိနေတဲ့ game series ထဲ အခန်းတစ်ခုဖြစ်တဲ့ Call of Duty : Black Ops (ဒေါ်လာ ၂၀) ဟာဆိုရင် တကယ် သဘာဝကျပြီး ကောင်းမွန်တဲ့ first-person shooter game ပါပဲ။ ကစားသူက စစ်အေးကာလခရီးစဉ်တွေအဖြစ် ရုရှား၊ ကျူးဘား၊ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတွေကို convert operative အနေနဲ့ သွားရမှာပါ။ အသက်ရှူမှားစရာ graphic တွေ၊ လှုပ်ရှားမှုတွေနဲ့ ပြောင်းလဲထားတဲ့ game play တွေကို ကြည့်ရင် COD game ဟာ ဘာကြောင့် လူကြိုက်များတယ်ဆိုတာ အလွယ်တကူ တွေ့နိုင်ပါလိမ့်မယ်။ ကိုယ်က တစ်ယောက်တည်း ကစားရတာပျင်းပြီဆိုရင် တခြား COD fan တွေနဲ့ multiplayer mode မှာ ယှဉ်ပြိုင်ဆော့နိုင်ပါတယ်။

## Crysis 2

အရမ်းကောင်းမွန်လှတဲ့ အမြင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေနဲ့ Crysis 2 (ဒေါ်လာ ၄၀) ဟာဆိုရင် first-person


Fallout: New Vegas


Crysis 2

shooter game ဖြစ်ပါတယ်။ ဂြိုလ်သားတွေရဲ့ တိုက်ခိုက်မှုကို ခံနေရပြီး martial law ထုတ်ထားတဲ့၊ ပျက်စီးနေတဲ့ နယူးယောက်မြို့မှာ ဇာတ်လမ်းတည်ထားတာ ဖြစ်ပါတယ်။ ကစားသူက ဒီမြို့ကို ပြန်လည်သိမ်းယူဖို့ အဓိကအခန်းကဏ္ဍကနေ ပါဝင်ကစားရမှာပါ။ Super စွမ်းအားတွေပေးနိုင်တဲ့ နာနိုဝတ်စုံတွေဝတ်ထားတဲ့ ကွန်မန်ဒိုအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာပါ။ ဇာတ်လမ်းကောင်းသလို graphic တွေကလည်း ကောင်းမွန်လှတဲ့ Crysis 2 ဟာဆိုရင် PC action game တွေရဲ့ ပြယုဂ်တစ်ခုလိုပါပဲ။

## Fallout : New Vegas

၂၀၀၈ ခုနှစ်မှာ Bethesda Softworks က Fallout series ရဲ့ နျူကလီးယားဒဏ်သင့် စွန့်ပစ်မြေကို Fallout 3 နဲ့ အသက်ပြန်သွင်းခဲ့ပါတယ်။ ဇာတ်ကောင်တွေနဲ့ ရှာဖွေစူးစမ်းစရာနေရာတွေကို အများအပြား ထည့်သွင်းပေးထားတဲ့ Fallout : New Vegas (ဒေါ်လာ ၂၀) ကတော့ စိတ်ဝင်စားစရာပါပဲ။ ဒါက ဇာတ်လမ်းသဘော game မျိုးဆိုပေမယ့် first-person action လုပ်ဆောင်ချက်တွေ ပါရှိပါတယ်။ ဒါတွေက အံဝင်ခွင်ကျ ပေါင်းစည်းပေးတာကြောင့် ကျေနပ်စရာရလဒ်ကို ပေးစွမ်းမှာ အမှန်ပါပဲ။

## Mass Effect 2

Mass Effect 2 game က အပစ်အခတ် game ဖြစ်သလို ဇာတ်လမ်းသွား game လည်း ဖြစ်ပါတယ်။ ဒါက ဇာတ်ကောင်တွေနဲ့ သိပ္ပံစိတ်ကူးယာဉ်ဇာတ်လမ်းတွေကို ထပ်မံထည့်သွင်းထားပေးရုံမကပါဘူး။ ကောင်းမွန်တဲ့ graphic တွေ၊ ကျွဲကျပ်တဲ့ တိုက်ပွဲတွေ၊ လူသားဆန်တဲ့ ဆုံးဖြတ်ချက်ချတာတွေကိုပါ ထည့်သွင်းပေးထားပါတယ်။ ပထမ game ကို ဆော့ဖူးတဲ့သူတွေက ပိုပြီး ဇာတ်လမ်းကျောရိုးနဲ့ ရင်းနှီးမယ်ဆိုပေမယ့် အခုမှ ဆော့မယ့်သူတွေကလည်း သိပ်မကြာခင် အရှိန်ရလာပါလိမ့်မယ်။

## Minecraft

Minecraft (ဒေါ်လာ ၂၀) နောက်ဆုံးပေါ် sandbox game အမျိုးအစားဖြစ်ပါတယ်။ ကစားတဲ့သူတွေက virtual lego (လီဂို) တုံးတွေသုံးပြီး အရာရာတိုင်းနီးပါးကို တည်ဆောက်နိုင်ပါတယ်။ ကိုယ်ဆောက်လိုက်တာက ရဲတိုက်တွေ၊ ရုပ်ထုတွေ၊ ဂဏန်းပေါင်းစက်တွေ၊ starship enterprise ရဲ့ ပုံစံတူ၊ ဒါမှမဟုတ် ရိုးရှင်းတဲ့ အိမ်လေးပဲဖြစ်ဖြစ် ညဘက်မှာ ဖုတ်ကောင်တွေရဲ့ တိုက်ခိုက်မှုမှာ ရှင်သန်ကျန်ရစ်ဖို့လိုပါတယ်။ Minecraft က ဆော့ရင်း အချိန်တွေကုန်လို့ကုန်သွားမှန်း မသိလိုက်တဲ့ game ပဲ ဖြစ်ပါတယ်။

## Red Faction : Guerrilla

ဒီ third-person shooter game က အင်္ဂါဂြိုဟ်ပေါ်မှာ အုပ်စိုးနေသူတွေကို ဖြိုခွဲဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်း ရှင်းရှင်းလင်းလင်းရှိပေမယ့် ဒီ (ဒေါ်လာ ၂၀) တန် Red Faction : Guerrilla က ကိုယ့်စိတ်ကြိုက်အရာတွေကိုလည်း လုပ်ခွင့်ပြုထားပါသေးတယ်။ ကောင်းမွန်တဲ့ graphic ၊ ပတ်ဝန်းကျင်အခြေအနေတွေနဲ့ ကိုယ်လုပ်နိုင်တာတွေကို မယုံကြည်နိုင်လောက်အောင် ကောင်းမွန်မှုတွေက ဒီ game ကို အောင်နိုင်သူဖြစ်စေတာပါပဲ။


Batman: Arkham Asylum



Bejeweled 3


Minecraft

## Rift

ဒီနှောက်ဆုံးထွက် လူအများအပြား ပါဝင်ဆော့ကစားနိုင်တဲ့ online Rift (ဒေါ်လာ ၃၀) က အချိန်တိုအတွင်းမှာ ကစားသူတွေကို စုစည်းနိုင်ခဲ့ပါတယ်။ ပုံမှန်မဟုတ်တဲ့ စိတ်ကြိုက်ရွေးချယ်နိုင်စရာ ဇာတ်ကောင် ၄ မျိုး ပါဝင်ပြီး ရှာဖွေစူးစမ်းမှုတွေနဲ့ စွန့်စားသွားလာမှုတွေကို ကျယ်ပြန့်လှပတဲ့ပတ်ဝန်းကျင်မှာ လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းပေးထားပါတယ်။ ကိုယ် level မြင့်လာတာနဲ့အမျှ စွမ်းအားတွေ ပိုမြင့်လာတာကြောင့် ရက်သတ္တပတ်နဲ့ လတွေကို အလွယ်တကူ ကုန်ဆုံးသွားစေမှာပါ။ Rift က တခြားကစားသူတွေနဲ့ ပြည့်နှက်နေတဲ့ အမြဲပြောင်းလဲမှုရှိနေတဲ့ အတွေ့အကြုံကို ပေးစွမ်းနိုင်မှာပါ။

## StarCraft II : Wings of Liberty

စိတ်ကူးယဉ်သိပ္ပံတိုက်ခိုက်ရေး game တစ်ခုဖြစ်တဲ့ မူလ StarCraft game ဟာ သမိုင်းမှာ အောင်မြင်မှုအရဆုံး real-time strategy game ပဲ ဖြစ်ပါတယ်။ StarCraft II : Wings of Liberty (ဒေါ်လာ ၆၀) တော့ StarCraft ရဲ့ နှစ်သက်ဖွယ်အရာတွေ အများအပြားပါဝင်နေသလို feature အသစ်တွေလည်း အမြောက်အမြား ထည့်သွင်းပေးထားပါတယ်။ ကစားသူတွေ၊ စစ်တပ်တွေကို ညွှန်ကြားပြီး တခြား player တွေ၊ ဒါမှမဟုတ် computer နဲ့ ရင်ဆိုင်ရမှာပါ။ StarCraft II က ဗျူဟာ game တစ်ခု၊ ဖန်တီးမြင့်မားစေတဲ့ game တစ်ခုပါပဲ။ ဒါက တခြား game တွေနဲ့မတူတဲ့ game တစ်ခုပါ။

## Torchlight

ဒီစွဲလမ်းစရာ Torchlight (ဒေါ်လာ ၂၀) game က ရန်သူကြီးတွေနဲ့ ပြည့်နှက်နေပြီး ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ကစားရမှာပါ။ ကစားသူတွေက ကျပန်း မြေအောက်ခန်းတွေထဲမှာ ရန်သူတွေကို ရှင်းလင်းပြီး ရှာဖွေမှုတွေကို ပြုလုပ်ရပါမယ်။ Torchlight game မှာ ကိုယ်နဲ့အတူ တိုက်ခိုက်ပေးပြီး မြို့ကို Item တွေရောင်းဖို့ ချက်ချင်းပြန်နိုင်တဲ့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်လည်း ပါဝင်ပါတယ်။

## Warhammer 40,000 : Dawn of War II

အနာဂတ် Warhammer 40,000 Dawn စကြဝဠာထဲမှာ ဇာတ်အိမ်ဖွဲ့ထားတဲ့ ဒီ Warhammer 40,000: Dawn of War II game ဒေါ်လာ ၂၀ မှာ လူသားတွေရဲ့ အာကာသ မရိန်းတိုက်ပွဲ Orhs ၊ သေးငယ်ကောင်းမွန်တဲ့ eldar နဲ့ ဇီဝအင်ဂျင်နီယာ tyrannid တို့ ပါဝင်ပါတယ်။ ဒီ game က real -time strategy formula ကို resource စုစည်းတာနဲ့ unit ဖွဲ့စည်းတာတွေကို ဖယ်ရှားထားပြီး ပြောင်းလဲထားပါတယ်။ အဲဒီအစား သူက စိတ်ကြိုက် unit အရေအတွက်တစ်ခုနဲ့ စတင်ရမှာပါ။ Game က လိုက်လျောညီထွေရှိပြီး ပျော့ရွှင်စရာကောင်းသလို ကိုယ့်ကို ခေတ်မီနည်းပညာရှင်တစ်ဦးဖြစ်အောင် အချိန်တိုအတွင်း သင်ကြားပေးမှာ ဖြစ်ပါတယ်။

## World of Tanks

Belarus မှာ develop လုပ်ခဲ့တဲ့ ဒီအခမဲ့ game ဟာ စမ်းသပ်ခဲ့ဖူးတဲ့ tank-warfare game တွေထဲမှာတော့ အကောင်းဆုံးပါပဲ။ ကစားသူတွေက အမေရိကန်၊ ဂျာမန်၊ ဒါမှမဟုတ် ရုရှားတစ်ဦးအနေနဲ့ ဒုတိယကမ္ဘာစစ်မှာ tank ကားနဲ့ တိုက်ပွဲဝင်ရမှာပါ။ ၁၅ ယောက်အဖွဲ့ ၂ ဖွဲ့က အသက်

ရှင်ရပ်တည်ဖို့ တိုက်ပွဲဝင်ရမှာပါ။ အောင်မြင်မှုတွေ အလိုက် ကိုယ်က tank ကားကို အဆင့်မြှင့်တာ၊ ဒါမှမဟုတ် ပိုကောင်း တာတွေကို ဝယ်ယူတာတွေကို လုပ်နိုင်မှာပါ။ ကိုယ်က ဗျူဟာကျကျနဲ့ tank commander တစ်ဦးလို တွေးတောနိုင်ဖို့ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ graphic အရည်အသွေးနဲ့ သမိုင်းအရ တိကျတဲ့ tank ကားတွေရဲ့ စာရင်းဖြစ်တာမို့ ညွှန်း လိုတဲ့ game တစ်ခုပဲ ဖြစ်ပါတယ်။

## World of Warcraft : Cataclysm

World of Warcraft ဟာဆိုရင် အောင်မြင်မှုအရဆုံး လူအများအပြားဆော့နိုင်တဲ့ ဇာတ်လမ်းသဘော game တစ်ခု ပါပဲ။ မကြာသေးမီက cataclysm က ဒေါ်လာ ၄၀ နဲ့ ပြောင်းလဲမှုတွေ လုပ်ခဲ့ပါတယ်။

အဲဒီမှာ ကြီးမားလှတဲ့လောကကြီး စိတ်ကြိုက်ဇာတ် ကောင်တွေနဲ့ တခြားလုပ်ဆောင်စရာတွေ အများကြီးပါရှိပါ တယ်။ ကိုယ်က စူးစမ်းရှာဖွေချင်တာပဲဖြစ်ဖြစ်၊ virtual item တွေ စုဆောင်းချင်တာပဲဖြစ်ဖြစ် တခြား player တွေနဲ့ ရင်ဆိုင် ချင်တာပဲဖြစ်ဖြစ် လုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် ဒီ game ကို စမ်းသပ်ကြည့်ဖို့ ငြင်းဆန်စရာအကြောင်းပြချက် ရှိမှာ မဟုတ်ပါဘူး။ ■

# ရွေးကြည့်နိုင်တဲ့ graphic card ၂ ခု

Graphic card အသစ်တစ်ခုကို ရွေးချယ်တာက ကိုယ့် PC ရဲ့ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ဖို့ အကောင်းဆုံးနည်းပါပဲ။ Game ဆော့ဖို့တော့ ရွေးချယ်စရာ Major player ၂ ခု ရှိပါတယ်။ AMD နဲ့ Nvidia တို့ပဲ ဖြစ်ပါတယ်။ ကုမ္ပဏီ ၂ ခုလုံးက ရွေးချယ်စရာ အများအပြားပေးထားပါတယ်။ ဒီနေရာမှာ အမြင့်စား ၂ မျိုးကို ရွေးချယ်မှာပါ။



စမ်းသပ်မှုတွေမှာ Nvidia ရဲ့ GeForce GTX 570 က AMD ရဲ့ Radeon HD 6970 ထက် နှုတ်တမ်းပိုများ အသာရရှိခဲ့ပါတယ်

AMD အတွက်တော့ ဒေါ်လာ ၃၄၀ နဲ့ ရနိုင်တဲ့ Radeon HD 6970 ပါပဲ။ Nvidia အတွက်တော့ ဒေါ်လာ ၃၂၀ တန် Geforce GTX 570 ကို ရွေးထားပါတယ်။ GTX 570 က *PCWorld* ရဲ့ benchmark ထဲမှာ ထိပ်တန်းရှိပါတယ်။ Just Cause 2 မှာ GTX 570 က 1920×1200 resolution နဲ့ 4X antialiasing setting တွေ 47 fps နှုန်း ရရှိခဲ့ပါတယ်။ အဲဒီ setting တွေမှာပဲ HD 6970 က 41 fps နှုန်း ရရှိပါတယ်။ သိပ်မကွာပါဘူး။ ကိုယ်က ဈေးနှုန်း၊ ဆော့ချင်တဲ့ game အတွက် driver ထောက်ပံ့မှုတွေကိုပါ ထည့်သွင်းစဉ်းစားရမှာပါ။

Power သုံးစွဲမှုမှာတော့ AMD card ဟာ frame တစ်ခုချင်းစီအတွက် ပိုမိုလျော့နည်းပြီး GTX 570 ထက် စွမ်းအင် 11 နှုန်း လျှော့သုံးနိုင်ပါတယ်။ HD 6970 က mini display port 1.2 connector တစ်စုံ၊ DVI port ၂ ခုနဲ့ HDMI port တစ်ခုပဲ ပါဝင်ပါတယ်။ ပြီးတော့ AMD ရဲ့ Eye finity နည်းပညာက graphic card တစ်ခုတည်းနဲ့ display ၃ ခုမှာ ပြနိုင်ပါတယ်။ ဒါက Nividia မလိုက်နိုင်တဲ့အချက်ပါ။

ပြောရရင် ဒေါ်လာ ၂၀ ကွာခြားချက်၊ graphic တောင်းဆိုမှုမြင့်တဲ့ game တွေအတွက် အရေးပါတဲ့ frame ကွာခြားချက်တွေက Nvidia ကို performance သရဖူ ဆက်လက်ဆောင်းထားနိုင်စေပါတယ်။ ဒါပေမဲ့ Radeon HD 6970 နဲ့ AMD ကလည်း အထင်ကြီးစရာ ယှဉ်ပြိုင်မှုတွေကို ပြလုပ်နိုင်ခဲ့ပါတယ်။ ■

အောင်မြင့်နိုင်